အမျိုးသမီးများအဖွဲ့ ချုပ် (မြန်မာနိုင်ငံ)

# Women's League of Burma

***'တရားမျှတမှုအတွက်မျှော်လင့်ချက်သာပေးပါ။'***

***မြန်မာနိုင်ငံ တိုင်းရင်းသား ပြည်နယ်များအတွင်း ဆက်လက်ဖြစ်ပွားနေသော အစိုးရမှ ကျူးလွန်သော လိင်အကြမ်းဖက်မှုများ***

**(ရန်ကုန်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၄ရက်)** – မြန်မာ့တပ်မတော်သားများသည် လိင်အကြမ်းဖက်မှု အပြုအမူများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ပြုလုပ်လျက်ရှိနေပြီး တိုင်းရင်းသားဒေသများတွင် အမျိုးသမီးများနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအပေါ် နောက်ယှက်စော်ကားမှုများကြုံတွေ့နေရကြောင်း အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)က ယခုနှစ်ကျရောက်သော နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများရပ်တန့်ရေးနေ့တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ရရှိရန်နှင့် တိုင်းရင်းသူအမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရန်အတွက် မြန်မာအစိုးရအနေဖြင့် တိုင်းရင်းသားဒေသများအား ထိုးစစ်ဆင်မှုများကို ချက်ချင်းရပ်တန့်၍ ယင်းတို့၏ တပ်ရင်းတပ်ဖွဲ့များကို ပြန်လည်ရုပ်သိမ်းကာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ နှင့် စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စုကို ရှေးရှုသော နိုင်ငံရေးဆွေးနွေးပွဲများကို ချက်ချင်းစတင်ရန် လိုအပ်သည်။

'***တရားမျှတမှုအတွက်မျှော်လင့်ချက်သာပေးပါ***' အစီရင်ခံစာသစ်တွင် တိုင်းရင်းသားပြည်နယ်များအတွင်း ဆက်လက်ရှိနေဆဲ အစိုးရမှ ကျူးလွန်သည့် လိင်အကြမ်းဖက်မှုများအနက် ၂၀၁၀ ခုနှစ်မှစတင်၍ အပစ်ရပ်ဒေသများနှင့် အပစ်မရပ်သေးသော ဒေသများအတွင်း စုဆောင်းမှတ်တမ်းတင်ထားသော အုပ်စုဖွဲ့ အဓမ္မပြုကျင့်မှု၊ မုဒိန်းမှုနှင့် လိင်အကြမ်းဖက်မှုပြုရန် ကြိုးပမ်းမှု (၁၁၈)ခုကို ဖော်ပြထားသည်။ ဤကိန်းဂဏန်းမှာ အမှန်တကယ် ဖြစ်ပျက်ခဲ့သော အရေအတွက်၏ အစိတ်အပိုင်းငယ်တခုမျှ သာဖြစ်နိုင်ပြီး နိုင်ငံတကာ ရာဇဝတ်မှု ဥပဒေအောက်တွင် စစ်ရာဇဝတ်မှုနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများ ဖြစ်မဖြစ် ဆက်လက်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်လိုအပ်နေသည်။

အမျိုးသမီးများ အဖွဲ့ချုပ်(မြန်မာနိုင်ငံ)၏ အစီရင်ခံစာတွင် မီးမောင်းထိုးဖော်ပြထားသောအမှုများသည် မြန်မာစစ်တပ်မှ တပ်ဖွဲ့ဝင်များသည် လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် ရာဇဝတ်မှု ကျူးလွန်မှုများအပေါ် တရားဝင် အပြစ်ပေးအရေးယူခံရမှုမှ ကင်းလွတ်နေဆဲဖြစ်ကြောင်း ဖော်ပြနေသည်။ ချိုးဖောက်ကျူးလွန်ခံရသူများနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက် သူများ၏ မေးမြန်းချက်များသည် လိင်အကြမ်းဖက်မှု ကျူးလွန်သူများအပေါ် တာဝန်ခံမှုရှိစေရန် တောင်းဆိုထားကြသည်။ ရာဇဝတ်မှုနှင့် ဖုံးကွယ်ရန် ကြိုးပမ်းသည့် စစ်တပ်နှင့် ရဲများ၏ ရှုတ်ထွေးသော လုပ်ဆောင်မှုများက မြန်မာ့ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်သည် နိုင်ငံတဝှမ်းအမျိုးသမီးများအပေါ် သက်ရောက်မှု မရှိသလောက်နည်းပါးနေကြောင်း ထင်ရှားစေသည်။

တိုင်းရင်းသားဒေသများတွင်ရှိသော ရောမဖွံ့ဖြိုးရေးစီမံကိန်းများ၏ သက်ရောက်မှုကြောင့်လည်း စစ်တပ်စိုးမိုးမှု၊ ဆင်းရဲမှုနှင့် လိင်အကြမ်းဖက်မှု တို့ကို ဖြစ်ပေါ်စေပြီး ပြည်သူလူထုနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအား စော်ကားမှုနှင့် အခွင့်အရေး ချိုးဖောက်ကျူးလွန်မှုများကို ဖြစ်ပေါ်စေသည်။ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း(NSPAW)နှင့် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု အဆုံးသတ်ရေး ပဋိညာဉ်ကျေညာစာတမ်းထုတ်ပြန်မှုအပါအဝင် အမျိုးသမီးများဘဝ မြှင့်တင်ရေးအတွက် ပေးအပ်သော ကတိကဝတ်များရှိသော်လည်း မြန်မာအစိုးရသည် တိုင်းရင်းသားနယ်မြေများရှိ အမျိုးသမီးများ ဘဝမြှင့်တင်ရေးအတွက် အနည်းငယ်သာ လုပ်ဆောင်ခဲ့သည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် လူထုဘဝများတွင် အမျိုးသမီးများ၏အသံ ကင်းမဲ့နေခြင်းသည်လည်း အမျိုးသမီးများ ယခုကဲ့သို့ ချိုးဖောက်ခံနေရခြင်းများအပေါ် အသိအမှတ်ပြုရန် ငြင်းပယ်ခံရမှုကို ဆင့်ကဲဖြစ်ပေါ်စေပြီး မြန်မာ့"ပြုပြင်ပြောင်းလဲရေး"ကို ဖော်ဆောင်ရာတွင် တိကျသော အချိန်ဇယားများ ပါဝင်သည့် လုပ်ငန်းစဉ်များ ကင်းမဲ့နေခြင်းသည်လည်း အမျိုးသမီးများ အခြေခံလူ့အခွင့်အရေးများ ရရှိရေးအတွက် ဆက်လက်ငြင်းပယ်ခံနေရမှုကို ဖော်ပြနေသည်။

မြန်မာ့တပ်မတော်ကို အရပ်သား ထိန်းချုပ်မှုအောက်တွင် ထားရှိရမည်ဖြစ်ပြီး ပြည်တွင်းစစ်ကို ညှိနှိုင်းစေ့စပ်ဆွေးနွေး ဖြေရှင်းနိုင်မှသာလျှင် စစ်မှန်သော ဖက်ဒရယ်စနစ် အစိုးရအောက်တွင် တိုင်းရင်းသားတန်းတူအခွင့်အရေးကို အာမခံနိုင်မည်ဟု ဖော်ပြပြီး "အဲဒါတွေ အကောင်အထည်မဖော်နိုင်ဘူးဆိုရင်တော့ တိုင်းရင်းသားဒေသတွေမှာ အစိုးရက ကျူးလွန်နေတဲ့ အမျိုးသမီးတွေအပေါ် အကြမ်းဖက်မှုတွေ ရပ်တန့်သွားမှာ မဟုတ်ဘူး' ဟု အမျိုးသမီးများအဖွဲ့ ချုပ်(မြန်မာနိုင်ငံ)မှ အထွေထွေ အတွင်းရေးမှူး ဒေါ်တင်တင်ညို ကပြောသည်။

**ဆက်သွယ်ရန်**

**ချင်းမိုင် (ထိုင်းနိုင်ငံ)**

ဒေါ်တင်တင်ညို +၆၆ (၀) ၈၁ ၀၃၂ ၂၈၈၂

ဂျန်မွန်းနေလီ +၆၆ (၀) ၈၅ ၅၂၃ ၃၇၉၁

**မြန်မာနိုင်ငံ (ရန်ကုန်)**

ယိင်းဟန်ဖ + ၉၅ (၀)၉ ၂၅၁ ၁၅၉ ၈၃၃

ဂျူလီယာမရစ် +၉၅ (၀)၉ ၄၅၀ ၀၂၉ ၀၈၂

နော်ဝါးခူရှီး +၉၅ (၀)၉ ၂၅၅ ၈၂၁ ၀၉၄ (အင်္ဂလိပ်)